အချက်အလက် အနှစ်ချုပ်



အနှစ်ချုပ် အချက်အလက်များ

# ကိုရိုနာဗိုင်းရပ်စ်အရေးပေါ်အခြေအနေအတွင်း NY State of Health အာမခံ ရွေးချယ်စရာများ

## လူတိုင်းတတ်နိုင်သည့် ကျန်းမာရေး စောင့်ရှောက်မှုကို သင် ခံစားထိုက်ပါသည်။

**NY State of Health** သည် န **New York** ပြည်နယ်၏ တရားဝင် ကျန်းမာရေး အစီအစဉ် အတွက် ဈေးကွက်တစ်ခုဖြစ်သည်။

ယနေ့ပင် စာရင်းသွင်းလိုက်ပါ။

အွန်လိုင်းတွင် nystateofhealth.ny.gov သို့ ဆက်သွယ်နိုင်သည်

ဖုန်းဖြင့် 1-855-355-5777 သို့ ဆက်သွယ်နိုင်သည်
TTY 1-800-662-1220

စာရင်းသွင်းလျှောက်ထားမှုအကူအညီပေးသူတစ်ဦးနှင့် info.nystateofhealth.ny.gov/findassistor တွင် ဆက်သွယ်ပါ

NY State of Health သည် သက်ဆိုင်ရာ ဖက်ဒရယ်အရပ်သားလုပ်ပိုင်ခွင့် ဥပဒေများနှင့် နိုင်ငံတော် ဥပဒေများကို လေးစား လိုက်နာပြီး လူမျိုး၊ အသားအရောင်၊ ဇာတိနိုင်ငံ၊ ကိုးကွယ်မှု/ယုံကြည်မှု၊ လိင်၊ အသက်၊ အိမ်ထောင်ရေးအခြေအနေ/မိသားစု အခြေအနေ၊ ဖမ်းဆီးခံရမှု မှတ်တမ်း၊ ပြစ်မှု ကျူးလွန်ထားမှု(များ)၊ လိင် ခွဲခြားသတ်မှတ်မှု၊ လိင်စိတ်တိမ်းညွတ်မှု၊ ပင်ကိုယ်မျိုးရိုးဗီဇဆိုင်ရာ စရိုက်လက္ခဏာများ၊ စစ်မှုထမ်း အခြေအနေ၊ အိမ်တွင်း အကြမ်းဖက်မှုခံရမှု အခြေအနေ နှင့်/သို့မဟုတ် လက်တုံ့ပြန်မှုအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံခြင်းမရှိပါ။

## NY State of Health က သင့်အတွက် ရှိနေပါသည်။

သင်လိုအပ်သည့် စောင့်ရှောက်မှုကိုရရှိရန်အတွက် သင်လိုအပ်နေသည့် အာမခံကို ရနိုင်ရန် ကူညီပေးမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ကတိပြုပါသည်။

## သင့်တွင် အာမခံရှိမထားပါက -

- ကျန်းမာရေးအာမခံမရှိသည့် မည်သူမဆို ယခု NY State of Health မှ တစ်ဆင့် လျှောက်ထားနိုင်သည်။
- Qualified Health Plan အာမခံ လျှောက်ထားရန် အာမခံမရှိသူတိုင်းအတွက် "ခြွင်းချက်အခြေအနေများ"ဆိုင်ရာ အထူးစာရင်းသွင်း လျှောက်ထားမှုကာလ ကို New York က ဖွင့်လှစ်ပေးခဲ့ပါသည်။
- စာရင်းသွင်းလျှောက်ထားမှုကို NY State of Health Programs အားလုံးအတွက် ဖွင့်လှစ်ထားသည် - Medicaid၊ Essential Plan၊ Child Health Plus နှင့် Qualified Health Plans ။

## သင့်အလုပ်နှင့် ကျန်းမာရေးအာမခံကို ဆုံးရှုံးရပါက -

- သင်သည် အလုပ်ရှင်အခြေပြုသည့် ကျန်းမာရေးအာမခံကို ဆုံးရှုံးရပါက ယခု NY State of Health မှတစ်ဆင့် လျှောက်ထားလိုက်ပါ။
- သင့်အနေဖြင့် Medicaid၊ Essential Plan၊ Child Health Plus တို့မှ တစ်ဆင့် အခမဲ့ သို့မဟုတ် စရိတ်နည်းအာမခံ ရရှိရန် အရည်အချင်းပြည့်မီနိုင်သည် သို့မဟုတ် Qualified Health Plan ကို အခွန်ခုနှိမ်ခွင့်နှင့် ပြည့်မီနိုင်သည်။
- ပိုမိုသိရှိရန် ကျွန်ုပ်တို့ထံ ဖုန်းခေါ်ဆိုပါ၊ ကျွန်ုပ်တို့ဝဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် စာရင်းသွင်းလျှောက်ထားမှုအကူအညီပေးသူ တစ်ဦးနှင့်ဆက်သွယ်ပါ။
- အလုပ်ရှင်အခြေပြုသည့် ကျန်းမာရေးအာမခံကို ဆုံးရှုံးပြီး ရက် 60 အတွင်း ဈေးကွက် မှတစ်ဆင့် လျှောက်ထားပါ။

nystateofhealth™
The Official Health Plan Marketplace

အနှစ်ချုပ် အချက်အလက်များ

# ကိုရိုနာဗိုင်းရပ်စ်အရေးပေါ်အခြေအနေအတွင်း NY State of Health အာမခံ ရွေးချယ်စရာများ

## သင့်တွင် NY State of Health မှတစ်ဆင့် အာမခံရှိထားပြီး သင့်အခြေအနေများ ပြောင်းလဲသွားလျှင် -

- ဝင်ငွေ၊ အလုပ်၊ သို့မဟုတ် အခြားအရေးပါသောဘဝဖြစ်ရပ်တွင် ပြောင်းလဲမှုတစ်ခု ကြုံတွေ့လာသည့် မည်သူမဆို ကုန်ကျစရိတ်သက်သာစေမည့် ငွေကြေးအကူအညီပိုမိုရရှိရန်အတွက် အရည်အချင်းပြည့်မီနိုင်သည်။ အွန်လိုင်းမှ သို့မဟုတ် စာရင်းသွင်းလျှောက်ထားမှုအကူအညီပေးသူ တစ်ဦးကို ခေါ်ဆို၍ သင့်အကောင့်ဆိုင်ရာအချက်အလက်များကို ယနေ့ အသစ်ဖြည့်စွက်ပြင်ဆင်ပါ။
- 2020 ခုနှစ် ဧပြီလ သို့မဟုတ် မေလတွင် အာမခံအသစ်ပြန်လုပ်ရမည့် Medicaid၊ Child Health Plus သို့မဟုတ် Essential Plan စာရင်းသွင်းလျှောက်ထားသူများအားလုံးသည် ၎င်းတို့၏အသစ်ပြုလုပ်ရမည့်ရက်စွဲကို လေးလအထိ ရက်တိုးမြှင့်ရမည်။
- New York State တွင် အစိုးရထောက်ပံ့မှုပါသည့် နှင့် ထောက်ပံ့မှုမပါသည့် အာမခံ စာရင်းသွင်းလျှောက်ထားသူများသည် အများပြည်သူကျန်းမာရေးဆိုင်ရာ အရေးပေါ်ကာလအတွင်း ပေးရန်ရှိသည့် မည်သည့် ပရီမီယံကြေးကိုမဆို ပေးဆောင်ရန် အချိန်တိုးမြှင့်ရရှိနိုင်သည်။ ထိုရွှေ့ဆိုင်းကာလများနှင့် ပတ်သက်၍ ထပ်မံသိရှိရန်အချက်အလက်များကိုDepartment of Financial Services နှင့် NY State of Healthတို့မှတစ်ဆင့် ရရှိနိုင်သည်။

---

## လျှောက်ထားရန် နည်းလမ်းသုံးခုရှိသည် -

### 1 - ကျွန်ုပ်တို့ဝဘ်ဆိုက်မှတစ်ဆင့် စာရင်းသွင်းလျှောက်ထားပါ - nystateofhealth.ny.gov

- ကျွန်ုပ်တို့ထံ အွန်လိုင်းမှ ဝင်ရောက်ကြည့်ရှု၍ သင့်အတွက်အဆင်ပြေသည့် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကို ကျွန်ုပ်တို့ကူညီရှာဖွေခွင့်ပြုပါ။

### 2 - စာရင်းသွင်းလျှောက်ထားမှုအကူအညီပေးသူ တစ်ဦးနှင့် ဖုန်းဆက် စာရင်းပေးပါ။

- စာရင်းသွင်းလျှောက်ထားမှုအကူအညီပေးသူ ထောင်ပေါင်းများစွာက ကူညီပေးရန် နိုင်ငံအနှံ့တွင် အသင့်ရှိနေပါသည်။ ရှာဖွေရန် အောက်ပါလင့်များအနက် တစ်ခုကို ကလစ်နှိပ်ပါ -
  - လမ်းညွှန်တစ်ဦးကို ဤနေရာတွင် ရှာပါ
  - အခြားစာရင်းသွင်းလျှောက်ထားမှုအကူအညီပေးသူကို ဤတွင် ရှာပါ

### 3 - သုံးစွဲသူဝန်ဆောင်မှုသို့ ဖုန်းဖြင့် စာရင်းသွင်းလျှောက်ထားပါ - 1-855-355-5777

---

နိဗယ်ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သည့် ထပ်လောင်းအချက်အလက်အသစ်များကို ဤတွင် ရရှိနိုင်သည်။ အသစ်များကို သိရှိနိုင်ရန် နောက်သို့ ပြန်လည်ကြည့်ရှုပါ။

05/2020